ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးက ဖတ်ကြားခဲ့သော **ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော ပြဿနာများ**

**"ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု"** စာတမ်းအား
လေ့လာတင်ပြခြင်း


တင်ပြသူ- ဒေါက်တာခိုင်ဇာသွယ်
ဒုတိယညွှန်ကြားရေးမှူး
နိုင်ငံတကာဆက်ဆံရေးဌာနခွဲ

ဒေါ်ဖြိုးကေခိုင်
ရုံးအုပ်
ဝန်ထမ်းရေးရာဌာနခွဲ


ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ မတ်လ ရက်

**ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောပြဿနာများ -**

**“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု”**

**မာတိကာ**


| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| ၁ | | မလေးရှားနိုင်ငံ၏ တရားစီရင်ရေးစနစ် | ၁ |
| ၂ | | ဖက်ဒရယ်တရားရုံးဖွဲ့စည်းပုံ | ၁ |
| ၃ | | ဖက်ဒရယ်တရားရုံး၏ စီရင်ပိုင်ခွင့် | ၂ |
| ၄ | | နိဒါန်း | ၃ |
| ၅ | | ပထမအမှု | ၄ |
| | ၅.၁ | အမှုဖြစ်အကြောင်းချင်းရာ | ၄ |
| | ၅.၂ | ဆုံးဖြတ်ရမည့်အချက် | ၅ |
| | ၅.၃ | ဆုံးဖြတ်ချက် | ၅ |
| | ၅.၄ | စိန်ခေါ်မှု | ၆ |
| ၆ | | ဒုတိယအမှု | ၆ |
| | ၆.၁ | အမှုဖြစ်အကြောင်းချင်းရာ | ၆ |
| | ၆.၂ | ဆုံးဖြတ်ရမည့်အချက် | ၈ |
| | ၆.၃ | ဆုံးဖြတ်ချက် | ၈ |
| | ၆.၄ | စိန်ခေါ်မှု | ၈ |
| ၇ | | တတိယအမှု | ၉ |
| | ၇.၁ | အမှုဖြစ်အကြောင်းချင်းရာ | ၉ |
| | ၇.၂ | ဆုံးဖြတ်ရမည့်အချက် | ၁၀ |
| | ၇.၃ | ဆုံးဖြတ်ချက် | ၁၀ |
| | ၇.၄ | စိန်ခေါ်မှု | ၁၁ |
| ၈ | | စတုတ္ထအမှု | ၁၂ |
| | ၈.၁ | အမှုဖြစ်အကြောင်းချင်းရာ | ၁၂ |
| | ၈.၂ | ဆုံးဖြတ်ရမည့်အချက် | ၁၃ |

| စဉ် | | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|---|
| | ၈.၃ | ဆုံးဖြတ်ချက် | ၁၃ |
| | ၈.၄ | စိန်ခေါ်မှု | ၁၅ |
| ၉ | | ပဉ္စမအမှု | ၁၅ |
| | ၉.၁ | အမှုဖြစ်အကြောင်းချင်းရာ | ၁၅ |
| | ၉.၂ | ဆုံးဖြတ်ရမည့်အချက် | ၁၆ |
| | ၉.၃ | ဆုံးဖြတ်ချက် | ၁၆ |
| | ၉.၄ | စိန်ခေါ်မှု | ၁၇ |
| ၁၀ | | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု | ၁၇ |
| ၁၁ | | နိဂုံး | ၁၇ |
| ၁၂ | | သုံးသပ်ချက် | ၁၈ |

## ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောပြဿနာများ – ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု”

ယခုစာတမ်းသည် AACC ၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် တူကီယဲနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးက နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိသည့် (၉) ကြိမ်မြောက် နွေရာသီသင်တန်းကျောင်းအစီအစဉ်တွင် မလေးရှားနိုင်ငံဖက်ဒရယ်တရားရုံးက ဖတ်ကြားတင်သွင်းခဲ့သော စာတမ်းဖြစ်ပါသည်။ ကျင်းပပြုလုပ်သည့် ခေါင်းစဉ်မှာ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသောပြဿနာများဟူ၍ ဖြစ်ပါသည်။ ထိုခေါင်းစဉ်အပေါ် မလေးရှားနိုင်ငံ ဖက်ဒရယ်တရားရုံးက **“ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု”** ခေါင်းစဉ်ဖြင့် ဖတ်ကြားတင်ပြခဲ့ပါသည်။

### ၁။ မလေးရှားနိုင်ငံ၏ တရားစီရင်ရေးစနစ်

တရားစီရင်ရေးစနစ်သည် ဗြိတိသျှတရားစီရင်ရေးစနစ်အပေါ်တွင် အခြေခံပါသည်။ တရားစီရင်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၂ မှ ၁၃၁ အထိ ပြဋ္ဌာန်းထားပါသည်။ တရားရုံးများကို ဖက်ဒရယ်တရားရုံး၊ အယူခံတရားရုံး၊ တရားလွှတ်တော်များနှင့် လက်အောက်ခံတရားရုံးများဟူ၍ ဖွဲ့စည်းထားပါသည်။

ဖက်ဒရယ်တရားရုံးသည် အမြင့်ဆုံးတရားရုံးဖြစ်ပါသည်။ ထိုတရားရုံးသည် နောက်ဆုံးအပြီးပြတ်အယူခံတရားရုံးဖြစ်ပြီး ၎င်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် ပြည်နယ်များအကြား သို့မဟုတ် ဖက်ဒရယ်အစိုးရတို့အကြားတွင် ပေါ်ပေါက်လာသော ပြဿနာများအား သီးသန့်တရားစီရင်ပိုင်ခွင့်ရှိပါသည်။[1] တရားလွှတ်တော်သည် မလေးရှားကျွန်းဆွယ်၊ Sabah ပြည်နယ်နှင့် Sarawak ပြည်နယ်တို့တွင် တည်ရှိသည်။

လက်အောက်ခံတရားရုံးများကို ဖက်ဒရယ်ဥပဒေဖြင့် သတ်မှတ်ရမည်ဖြစ်ပြီး လက်အောက်ခံတရားရုံးများနှင့် တရားလွှတ်တော်များ၏ စီရင်ပိုင်ခွင့်နှင့် အာဏာများသည် ဖက်ဒရယ်ဥပဒေဖြင့် အပ်နှင်းထားသည့်အတိုင်းရရှိရမည်ဖြစ်သည်။[2]

### ၂။ ဖက်ဒရယ်တရားရုံးဖွဲ့စည်းပုံ

ဖက်ဒရယ်တရားရုံးတွင် ဖက်ဒရယ်တရားရုံးတရားသူကြီးချုပ်၊အယူခံတရားရုံး၏ တရားသူကြီးချုပ်၊ တရားလွှတ်တော်၏တရားသူကြီးများနှင့် အခြားသောတရားသူကြီး (၁၁) ဦးအား နောက်

[1] https://www.commonwealthgovernance.org.
[2] Section 121(1) of the Constitution of Malaysia (2007)

ထပ်ခန့်အပ်နိုင်ပါသည်။ တရားသူကြီးများသည် အသက် ၆၆ နှစ် ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

## ၃။ ဖက်ဒရယ်တရားရုံး၏ စီရင်ပိုင်ခွင့်

ဖက်ဒရယ်တရားရုံးသည် ပါလီမန်က ဥပဒေများ ပြဋ္ဌာန်းရာတွင် လိုက်နာရမည့် အချက်များနှင့် ညီညွတ်မှု ရှိ မရှိ၊ ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းသည့်ဥပဒေများသည် တရားဝင်မှု ရှိ မရှိ ကိစ္စရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်အချင်းချင်းအကြားဖြစ်ပွားသည့် ပြဿနာရပ်များ နှင့် ပြည်ထောင်စုနှင့် ပြည်နယ်တို့အကြားဖြစ်ပွားသည့် ကိစ္စရပ်များကိုလည်းကောင်း စီရင်ပိုင်ခွင့်ရှိသည်။ ထို့ပြင် တရားရုံးတစ်ရုံးရုံး၌ အမှုကိစ္စတစ်ရပ်ရပ်အား စွဲဆိုရာတွင် အခြေခံဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်နှင့်စပ်လျဉ်း၍ ပေါ်ပေါက်လာသော ပြဿနာရပ်အပေါ် စီရင်ပိုင်ခွင့်ရှိသည်။ အယူခံတရားရုံး၊ တရားလွှတ်တော် သို့မဟုတ် တရားသူကြီးတစ်ဦးဦးမှ တင်သွင်းသော အယူခံမှုကို စီရင်ပိုင်ခွင့်ရှိသည်။

မလေးရှားနိုင်ငံတွင် သီးသန့်တည်ထောင်ထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံးဟူ၍မရှိဘဲ အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို တရားလွှတ်တော်နှင့် ဖက်ဒရယ်တရားရုံးက စီရင်ဆုံးဖြတ်ပါသည်။ ယခုစာတမ်း၌ ဖက်ဒရယ်တရားရုံးက စီရင်ဆုံးဖြတ်ခဲ့သည့် အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များနှင့် သက်ဆိုင်သည့်အမှု (၅) မှုအားတင်ပြခဲ့ပါသည်။ အမှုများမှာ ရွေးကောက်ပွဲဆိုင်ရာအမှု၊ အုပ်ချုပ်ရေးဆိုင်ရာအာဏာပိုင်များက ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်များကို မကျေနပ်၍ တရားလွှတ်တော်နှင့် ဖက်ဒရယ်တရားရုံးတို့ထံသို့ တင်သွင်းလျှောက်ထားသည့်အမှုများဖြစ်ပါသည်။

ဆက်လက်၍ စာတမ်းပါတင်ပြဆွေးနွေးချက်များအား အနှစ်ချုပ်၍ ရေးသားဖော်ပြသွားမည်ဖြစ်ပါသည်။

စာတမ်း၏ Abstract ပိုင်းတွင် မလေးရှားနိုင်ငံ၏တရားစီရင်ရေးမဏ္ဍိုင်သည် အစိုးရ၏ တတိယမြောက် မဏ္ဍိုင်တစ်ခုဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းသည့် အဖွဲ့အစည်းဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အခြေခံဥပဒေပေါ်ပေါက်လာမှု နောက်ခံသမိုင်းနှင့် အခြေခံမူသဘောတရားများကဲ့သို့ ဆက်စပ်တွေးခေါ်ရမည့် အယူအဆများကို ထည့်သွင်းစဉ်းစားရန် တာဝန်ရှိပါသည်။ မလေးရှားနိုင်ငံ၏ ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄ (၁) တွင် "မလေးရှားနိုင်ငံရှိ တရားရုံးများသည် ဥပဒေပြုရေးကဏ္ဍနှင့် အုပ်ချုပ်ရေးကဏ္ဍတို့မှ ဝင်ရောက်စွက်ဖက်မှုမရှိဘဲ ဒီမိုကရေစီနိုင်ငံ၏ ဝိသေသလက္ခဏာဖြစ်သည့် အစိုးရ၏မဏ္ဍိုင်(၃)ရပ်အကြား အာဏာခွဲဝေကျင့်သုံးခြင်းအပေါ် ထိန်းကျောင်းပေးခြင်းအတွက် လွတ်လပ်မှုရှိသည်ဟူ၍ဖော်ပြထားပါသည်။ တရားစီရင်ရေးအဖွဲ့တွင် ဖက်ဒရယ်အခြေခံဥပဒေအရ

ပေးအပ်ထားသော အခြေခံအခွင့်အရေးများကို ကာကွယ်ပေးရန် တာဝန်ရှိပြီး တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခွင့်အား အပ်နှင်းထားသည်။

ယခုစာတမ်းတွင် "အခြေခံဥပဒေဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်သည့်အခါတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှုနှင့် အခြားကဏ္ဍများအပေါ် အကျိုးသက်ရောက်မှုများအကြောင်း" ကို ဆွေးနွေးတင်ပြရမည်ဖြစ်ပါ၍ မလေးရှားနိုင်ငံတွင် အခြေခံဥပဒေဆိုင်ရာတရားရုံး မရှိပါသဖြင့် ဆုံးဖြတ်ခဲ့သည့်အမှုများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများ ပေါ်ပေါက်လာသည့် ဥပဒေဆိုင်ရာအငြင်းပွားမှုများကို တင်ပြထားပါသည်။ တရားရုံး၏ဆုံးဖြတ်ချက်ကို သက်ဆိုင်သူများက လေးစားလိုက်နာရန် အရေးပါကြောင်းလည်း ရေးသားထားပါသည်။

## ၄။ နိဒါန်း

နိုင်ငံတော်၏မဏ္ဍိုင်တစ်ခုဖြစ်သည့် တရားစီရင်ရေးအဖွဲ့ သို့မဟုတ် တရားရုံးများသည် အခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာကိစ္စရပ်များကို ဖြေရှင်းဆောင်ရွက်ရမည်ဖြစ်ပါသည်။ တိုင်းရင်းသားပေါင်းစုံ စုစည်းနေထိုင်လျက်ရှိသည့် မလေးရှားနိုင်ငံ၌ နိုင်ငံသားများအကြား သဘောတူချုပ်ဆိုထားသည့် ဒီမိုကရေစီစံနှုန်းနှင့် လစ်ဘရယ် စံတန်ဖိုးများ ပါဝင်သည့် လူမှုဘဝသဘောတူညီချက် (Social Covenant) ဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို မည်သို့အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်သလဲဆိုသည်ကို ဖော်ပြထားပါသည်။ မလေးရှားနိုင်ငံတွင် ပါလီမန်၏ သြဇာလွှမ်းမိုးသည်ဆိုသည့် မူသဘောတရားကို လက်ခံကျင့်သုံးခြင်း မရှိပေ။ ပါလီမန်၏အာဏာအား အခြေခံဥပဒေဖြင့် ကန့်သတ်ထားပြီး ၎င်းတို့စိတ်ကြိုက်ဥပဒေများ မပြဋ္ဌာန်းနိုင်ဟု ယခင်ဖက်ဒရယ်တရားရုံးဥက္ကဋ္ဌက *Ah Thian v. Government of Malaysia (1076) အမှုတွင်* မှတ်ချက်ပြုခဲ့ပါသည်။

ဒီမိုကရေစီကျင့်သုံးသည့်နိုင်ငံများ၌ တရားဥပဒေစိုးမိုးရေးကို ကျူးကျော်ထိပါးခြင်းမှ ကာကွယ်ပေးသူအဖြစ် တရားစီရင်ရေးအဖွဲ့တွင် တာဝန်ရှိသည်ဟုဆိုပါသည်။ သို့သော် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်တာဝန်သည် တရားစီရင်ရေးအဖွဲ့၌သာမက ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေး မဏ္ဍိုင်များတွင်လည်း တာဝန်ရှိပြီး ၎င်းတို့သည် ဥပဒေအထက်တွင် မည်သူမျှရှိမနေရဟုဆိုပါသည်။

တရားသူကြီးများသည် ဥပဒေနှင့်အညီအလုပ်အကျွေးပြုရသူများဖြစ်ပြီး အခြားမည်သူမျှ တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကို ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပါ။ တရားစီရင်ရေးကဏ္ဍတွင် တရားစီရင်ရေးလုပ်ငန်းကို ဆောင်ရွက်ရသည့် အဖွဲ့ဝင်တိုင်းသည် ဂုဏ်သိက္ခာ၊ လုပ်ပိုင်ခွင့်၊ ကျွမ်းကျင်မှုကို ပိုင်ဆိုင်ရမည်ဖြစ်ပြီး တရားသူကြီးများသည် ဥပဒေမှတစ်ပါး အခြားမည်သည့်အဖွဲ့အစည်း၊ မည်သည့်အကြောင်းအရာ၏ ကျေးဇူးခံ ကျေးဇူးစား မဟုတ်ရပါ။

## ၅။ ပထမအမှု

## ၅.၁။ အမှုဖြစ်အကြောင်းချင်းရာ

ပထမအမှု[3]သည် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့်အမှုဖြစ်ပါသည်။ မလေးရှားနိုင်ငံတွင် ပြုလုပ်ခဲ့သည့် ၁၄ ကြိမ်မြောက်အထွေထွေရွေးကောက်ပွဲတွင် အဓိကနိုင်ငံရေးပါတီကြီး ၂ ခု ဖြစ်သည့် BN-Sabah နှင့် DSS ပါတီတို့သည် Sabah ပြည်နယ်လွှတ်တော် အမတ်နေရာ (၆၀) အတွက် ၂၉ နေရာစီ ရရှိခဲ့သည်။ ကျန် ၂ နေရာအား STAR ပါတီက ရရှိခဲ့သည်။

အဓိကနိုင်ငံရေးပါတီကြီး ၂ ခုအား Tan Sri Musa bin နှင့် Datuk Seri Shefie တို့က ဦးဆောင်ခဲ့သည်။ Sabah ပြည်နယ်ဝန်ကြီးချုပ်ဖြစ်ရန်မှာ မည်သည့်ပါတီမှ မဲအရေအတွက် အပြည့် မရရှိခဲ့သဖြင့် ပါတီကြီး (၂) ခုသည် အမတ်နေရာ (၂) နေရာသာရရှိသည့် ပါတီနှင့်ပေါင်းစည်းမှုရမည် ဖြစ်ပါသည်။ ထို့ကြောင့် BN-Sabah ပါတီသည် STAR ပါတီနှင့် ပူးပေါင်းခဲ့ပြီး Tan Sri Musa သည် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

အထွေထွေရွေးကောက်ပွဲပြီးနောက် ၂ ရက်အကြာတွင် Tan Sri Musa နှင့်၎င်းဝန်ကြီးအဖွဲ့က ပြည်နယ်ဘုရင်ခံ ရှေ့မှောက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ နောက်တစ်နေ့တွင် ပြည်နယ်ဘုရင်ခံ က BN-Sabah ပါတီကိုယ်စားလှယ် (၆) ဦးထံမှ ကြေညာချက်(၆)စောင်ကို လက်ခံရရှိခဲ့သည်။ အဆိုပါ ကြေညာချက်တွင် ၎င်းတို့အနေဖြင့် ဝန်ကြီးချုပ်အဖြစ် Datuk Seri Shefie ကို ထောက်ခံပြီး Tan Sri Musa ကို မထောက်ခံကြောင်းရေးသားထားသည်။ ထိုအခါ ပြည်နယ်ဘုရင်ခံ သည် Tan Sri Musa အား ဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ရန် ပြောကြားခဲ့သော်လည်း ၎င်းက ထိုသို့ပြုလုပ်ရန် ငြင်းဆိုခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ ပြည်နယ်ဘုရင်ခံ က Sabah ပြည်နယ်အခြေခံဥပဒေအပိုဒ် ၆ (၃)၊[4] အပိုဒ် ၁၀ (၂)(က)[5]အရ Sabah ပြည်နယ်၏ ဝန်ကြီးချုပ်အသစ်အဖြစ် Datuk Seri Shefie ကို ကျမ်းသစ္စာကျိမ်ဆိုရန် ဆက်လက်ဆောင်ရွက်ခဲ့သည်။

---

[3] Tan Sri Mus Bin Hj Aman v Tun Datuk Seri Hj Panglima Hj Juhar Hj Mahiruffin and Anor (2020)

[4] **6.** (1) There shall be a State Cabinet to advise the Yang di-Pertua Negeri in the exercise of his functions. (2) The Cabinet shall consist of a Chief Minister, and not more than ten nor less than four members, (to be styled "Ministers") appointed in accordance with Clause(3).
(3) The Yang di-Pertua Negeri shall appoint as Chief Minister a member of the Legislative Assembly who in his judgement is likely to command the confidence of a majority of the members of the Assembly and shall appoint the other members mentioned in Clause (2) in accordance with the advice of the Chief Minister from among the members of theAssembly.

[5] 20 (2) The Yang di-Pertua Negeri may act in his discretion in the performance of the following functions –
(a) the appointment of a Chief Minister;
(b) the withholding of consent to a request for the dissolution of the
Legislative Assembly

Tan Sri Musa ထံသို့ ပြည်နယ်ဘုရင်ခံက ဝန်ကြီးချုပ်အဖြစ် ဆက်လက်ရပ်တည်ရန် လွှတ်တော်ကိုယ်စားလှယ်အများစု၏ ယုံကြည်ထောက်ခံမှုလိုအပ်သဖြင့် ၎င်းအား ဝန်ကြီးချုပ်အဖြစ်မှ ရပ်စဲခဲ့ခြင်းဖြစ်ကြောင်း စာဖြင့်အသိပေးခဲ့သည်။ ပြည်နယ်ဘုရင်ခံ၏ ဆုံးဖြတ်ချက်ကို မကျေနပ်၍ တရားလွှတ်တော်သို့ ၎င်းသည် Sabah ပြည်နယ်၏တရားဝင်ဝန်ကြီးချုပ် ဖြစ်နေဆဲဖြစ်ကြောင်း ကြေညာပေးခြင်းနှင့် ဆုံးဖြတ်ပေးရန်စောဒကတက်ခဲ့သည်။ တရားလွှတ်တော်သည် အများစု ထောက်ခံမဲမရရှိ၍ ဝန်ကြီးချုပ်အဖြစ်မှ ရပ်စဲခြင်းဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ပြီး အမှုကိုပလပ်ခဲ့သည်။ အယူခံတရားရုံးကလည်း အယူခံမှုသည် ပြည့်စုံလုံလောက်မှုမရှိဘဲ သဘောတရားသက်သက်သာဖြစ်ခြင်းကြောင့် ကနဦး ကန့်ကွက်လွှာအပေါ် လိုက်နာ၍ ဆုံးဖြတ်ချက်ချမှတ်ပြီး ပလပ်ခဲ့သည်။ ထို့ကြောင့် အယူခံတရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံတက်ခဲ့သည်။

## ၅.၂။ ဆုံးဖြတ်ရမည့်အချက်

ဖွဲ့စည်းပုံအခြေခံဥပဒေအား ထိန်းသိမ်းသူအဖြစ် တရားရုံးအနေဖြင့် "ရာထူးမှရပ်ဆိုင်းလိုက်ခြင်းသည် အခြေခံဥပဒေလုပ်ထုံးလုပ်နည်းကို လိုက်နာခြင်းရှိ၊ မရှိ၊ ခန့်အပ်မှုမှာ တရားဝင်မှုရှိ၊ မရှိ အစိုးရအဖွဲ့သည်လည်း တရားဝင်မှုရှိပါသလား" ဆိုသည့်ပြဿနာရပ်များကို ဖြေကြားသင့်ပါသည်ဟု ကောက်ချက်ချခဲ့ပါသည်။

Tan Sri Musa သည် Sabahပြည်နယ် အခြေခံဥပဒေအပိုဒ် ၇(၁)[6] အရ ပြည်နယ်လွှတ်တော်ကို ဖျက်သိမ်းရန်အတွက် တောင်းဆိုသည့်အခွင့်အရေးကို ငြင်းဆိုခြင်းခံခဲ့ရသည်။ ၎င်းအား ရာထူးမှဖယ်ရှားမှုသည် ပြည်နယ်အခြေခံဥပဒေအရ ပေးအပ်ထားသော လုပ်ပိုင်ခွင့်အာဏာထက်ကျော်လွန်စေခဲ့ပါသည်။

## ၅.၃။ ဆုံးဖြတ်ချက်

ယေဘုယျစည်းမျဉ်းတစ်ခုမှာ တရားရုံးတစ်ရုံးသည် ကောင်းမွန်သော အကြောင်းပြချက် (good reason) မရှိသည့်ကိစ္စကို ဆုံးဖြတ်ခြင်းမှ ရှောင်ကျဉ်သင့်သည်ဟူ၍ ဖြစ်သည်။ လက်ရှိအမှုတွင် သဘောတရားသက်သက် ဖြစ်သောအမှုကို ဆုံးဖြတ်ရန်အတွက် အကျိုးရှိနိုင်မည်မဟုတ်ပေ။ ဆုံးဖြတ်ချက်သည်လည်း အမှုသည်များအပေါ် လက်တွေ့အကျိုးသက်ရောက်မှုလည်း ရှိမည်မဟုတ်ပေ။ လျှောက်ထားသူ တောင်းဆိုချက် အောင်မြင်ခဲ့လျှင်လည်း Sabah ပြည်နယ်၏ ဝန်ကြီးချုပ်အဖြစ် မူလရာထူးတွင် ပြန်လည်ခန့်အပ်နိုင်မည်မဟုတ်ပေ။

---

[6] If the Chief Minister ceases to command the confidence of a majority of the members of the Legislative Assembly, then, unless at his request the Yang di-Pertua Negeri dissolves the Assembly, the Chief Minister shall tender the resignation of the members of the Cabinet.

Sabah ပြည်နယ်ဝန်ကြီးချုပ်ရာထူးအတွက် လျှောက်ထားသူနှင့် လျှောက်ထားခံရသူတို့အကြားဖြစ်ပွားသောကိစ္စရပ်အား လက်ရှိအချိန်တွင် ပြည်သူများက စိတ်ဝင်စားမှုလည်းမရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် Sabah ပြည်နယ်လွှတ်တော်အား ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့တွင် ဖျက်သိမ်းခဲ့ပြီးဖြစ်ပါသည်။ ဝန်ကြီးချုပ်အဖြစ် လျှောက်ထားသူအား ခန့်အပ်မှုနှင့်ပတ်သက်၍ ယခင်က ဖြစ်ပေါ်ခဲ့သော စိတ်ဝင်စားမှုမှာလည်း Sabah ပြည်နယ်လွှတ်တော်ဖျက်သိမ်းခဲ့ပြီးဖြစ်ခြင်းကြောင့် သဘောတရားသက်သက်သာဖြစ်ခဲ့သည်။ တရားလွှတ်တော်က ဆုံးဖြတ်ခဲ့ပြီး နောက်တွင် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဥပဒေအကျိုးသက်ရောက်မှုမရှိသည့်အတွက် အမှုအပေါ် ထပ်မံစဉ်းစားဆုံးဖြတ်ခြင်းကို ဆက်လက်ဆောင်ရွက်လိမ့်မည်မဟုတ်ပါ။ ယခုစိတ်ဝင်စား လျက်ရှိသည်မှာ ၁၆ ကြိမ်မြောက် Sabah ပြည်နယ်ဥပဒေပြုလွှတ်တော်ရွေးကောက်ပွဲပင်ဖြစ်သည်။ အမှုနှင့်ပတ်သက်သည့်ကိစ္စရပ်သည် သဘောတရားသက်သက်သာဖြစ်ပြီး အများပြည်သူအကျိုးစီးပွားနှင့် သက်ဆိုင်ခြင်းမရှိဟု ဆုံးဖြတ်ခဲ့ပါသည်။ သို့သော် သမိုင်းဝင်သည့်အမှုတစ်ခု ဖြစ်ပါသည်ဟု ဆုံးဖြတ်ခဲ့ပြီး အယူခံမှုအားပလပ်ခဲ့သည်။

### ၅.၄။ စိန်ခေါ်မှု

ဝန်ကြီးချုပ်အဖြစ်ခန့်အပ်ခြင်းနှင့်ပတ်သက်၍ ယခင်က ပေါ်ပေါက်ခဲ့သော စိတ်ဝင်စားမှုမှာ Sabah ပြည်နယ်၏ လွှတ်တော်ကို ဖျက်သိမ်းခဲ့ပြီးဖြစ်၍ သဘောတရားသက်သက်သာဖြစ်ခဲ့သည်။ တရားလွှတ်တော်က ဆုံးဖြတ်ပြီးနောက် ထိုကိစ္စရပ်သည် ပြီးဆုံးခဲ့ပြီးဖြစ်ပါသည်။

## ၆။ ဒုတိယအမှု

### ၆.၁။ အမှုဖြစ်အကြောင်းချင်းရာ

ဒုတိယအမှုမှာ "မွတ်ဆလင်တစ်ဦးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မွတ်ဆလင်တစ်ဦးအဖြစ် ကြာရှည်စွာခံယူခဲ့သူ မဟုတ်ခဲ့သူဖြစ်စေ၊" တရားလွှတ်တော်တွင် တရားစွဲဆိုခွင့် ရှိ မရှိ လျှောက်ထားသည့်အမှု[7] ဖြစ်ပါသည်။ ထိုအမှုတွင် လျှောက်ထားသူ Roslaiza က 1950 ပြည့်နှစ် သီးခြားသက်သာခွင့်အက်ဥပဒေ ပုဒ်မ ၄၁ အရ တရားလွှတ်တော်ချုပ်သို့ လျှောက်ထားခဲ့ခြင်းဖြစ်ပါသည်။ ယင်းသို့ လျှောက်ထားချက်များအနက်မှ လျှောက်ထားသူအနေဖြင့် တရားလွှတ်တော်သို့ လျှောက်ထားခွင့် ရှိ မရှိ ကိစ္စ အငြင်းပွားမှုပေါ်ပေါက်ခဲ့သည်။ လျှောက်ထားသူ Roslaiza သည် တရုတ်ဗုဒ္ဓဘာသာဝင် မိခင်မှ တရားမဝင် မွေးဖွားခဲ့သူဖြစ်ပြီး အစ္စလမ်ဘာသာကို သက်ဝင်ယုံကြည်သူ မဟုတ်ပေ။ မိခင်ဖြစ်သူက ၎င်းမသေခင် ၄ လအလို၌ အတည်ပြုကြေညာချက်တစ်ရပ်ကို အတည်ပြုခဲ့ပြီး ထိုအတည်ပြုချက်မှာ Roslaiza မွေးဖွားချိန်တွင် သူမနှင့် မွတ်ဆလင်အမျိုးသားတစ်ဦး

[7] Roslaiza bt Ibrahim V State of Selangor and Anor [2021]

ဖြစ်သည့် Ibrahim တို့သည် တရားဝင်လက်ထပ်ထားခြင်းမဟုတ်ပါ။ ထို့ကြောင့် လျှောက်ထားသူ Roslaiza သည် မွတ်ဆလင်တစ်ဦးအဖြစ် မွေးဖွားလာခဲ့သူမဟုတ်ဟု ၎င်း၏ဥပဒေအရ ကြေညာချက်(statutory declaration) တွင် ဖော်ပြထားပါသည်။

ထို့ပြင် မိခင်ဖြစ်သူ၏ အိမ်နီးချင်း Chan မှလည်း ကျမ်းကျိန်မှုရှိခဲ့ပြီး ထိုကျမ်းကျိန်လွှာတွင် ၎င်းအနေဖြင့်လျှောက်ထားသူ Roslaiza's အား လျှောက်ထားသူ ၄ နှစ်အရွယ်ကတည်းက စတင်သိရှိခဲ့ပြီး ၎င်း၏မိခင်မှာ ဗုဒ္ဓဘာသာဝင်ဖြစ်သည့်အတွက်ကြောင့် လျှောက်ထားသူ Roslaiza သည်လည်း ဗုဒ္ဓဘာသာကို ယုံကြည်သူအဖြစ် မွေးဖွားလာပြီး အစ္စလမ်ဘာသာကိုးကွယ်သူတစ်ဦး မဟုတ်ခဲ့ပါ။ Peninsular Malaysia ရှိ ပြည်နယ်များ၏ Islamic Affairs Departments မှလည်း Ibrahim နှင့် Yap တို့အကြား တရားဝင်လက်ထပ်ထားသော အထောက်အထားမရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။

စာရွက်စာတမ်းအထောက်အထားများအပေါ်အခြေခံ၍ လျှောက်ထားသူ Roslaiza က ၎င်းသည် မွတ်ဆလင်လူမျိုးမဟုတ်သကဲ့သို့ အစ္စလာမ်ဘာသာယုံကြည်သူလည်း မဟုတ်ကြောင်းနှင့် မွတ်ဆလင်တစ်ဦးအဖြစ်လည်း မမှတ်ယူနိုင်ကြောင်း အခိုင်အမာ လျှောက်လဲခဲ့သည်။

တရားလွှတ်တော်သည် Roslaiza ၏လျှောက်လဲချက်ကို ပလပ်ခဲ့သည်။ ဘာသာရေးဆိုင်ရာအာဏာပိုင်များ၏စာအရ Yap နှင့် Ibrahim သည် လက်ထပ်ထားခြင်းမရှိဆိုသည်မှာ အပြီးသတ်သက်သေခံချက်မဟုတ်ကြောင်း၊ ထို့ပြင်လျှောက်ထားသူ Roslaiza၏ ဖခင်မှာ မွတ်ဆလင်ဖြစ်ပြီး Roslaiza အား မွေးဖွားပြီးနောက် ၄ နှစ်တာကာလအတွင်း ဖခင်တစ်ဦးတည်းက ကျွေးမွေးပြုစုခဲ့ခြင်းဖြစ်နိုင်သဖြင့် Roslaiza သည် မွတ်ဆလင်တစ်ဦးဖြစ်သည်ဟု သုံးသပ်ခဲ့ပါသည်။

ထို့ကြောင့် တရားလွှတ်တော်က လျှောက်ထားသူသည် ၎င်း၏လျှောက်ထားချက်တွင် ၎င်းသည် မွတ်ဆလင်တစ်ဦးမဟုတ်တော့ကြောင်း၊ အစ္စလာမ်ဘာသာဝင်အဖြစ်မှ စွန့်လွှတ်ခဲ့ကြောင်း၊ ဖော်ပြထားသည့်အတွက် တရားလွှတ်တော်တွင် စီရင်ပိုင်ခွင့်မရှိကြောင်း ဟုဆိုသည်။ ဤကိစ္စသည် တရားလွှတ်တော်တွင် စီရင်ပိုင်ခွင့်မရှိဘဲ ဖက်ဒရယ်အခြေခံဥပဒေ အပိုဒ် ၁၂၁ (၁)(က)[8] အရ Syariah Court တွင်သာ စီရင်ပိုင်ခွင့်ရှိကြောင်း ဆုံးဖြတ်ခဲ့သည်။

---

[8]**.** There shall be two High Courts of co-ordinate jurisdiction and status, namely
**a.** one in the States of Malaya, which shall be known as the High Court in Malaya and shall have its principal registry at such place in the States of Malaya as the Yang di-Pertuan Agong may determine; and
**b.** one in the States of Sabah and Sarawak, which shall be known as the High Court in Sabah and Sarawak and shall have its principal registry at such place in the States of Sabah and Sarawak as the Yang di-Pertuan Agong may determine;
**c.** (Repealed),
and such inferior courts as may be provided by federal law and the High Courts and inferior courts shall have such jurisdiction and powers as may be conferred by or under federal law.

အယူခံတရားရုံးကလည်း တရားလွှတ်တော်၏တွေ့ရှိချက်ကို သဘောတူခဲ့ပြီး Roslaiza ၏ လျှောက်ထားချက်ကို ပလပ်ခဲ့သည်။

## ၆.၂။ ဆုံးဖြတ်ရမည့်အချက်

လျှောက်ထားသူ Roslaiza က အောက်ဖော်ပြပါ ဥပဒေပြဿနာရပ်အား ဖြေရှင်းပေးရန် ဖက်ဒရယ်တရားရုံးသို့ လျှောက်ထားခဲ့သည်-

အယူခံတရားရုံးသည် "အခြေခံဥပဒေ အပိုဒ် ၁၂၁ နှင့် ဖက်ဒရယ်အခြေခံဥပဒေ၏ ပြည်နယ် စာရင်း (၁) ကို မှန်မှန်ကန်ကန် အနက်အဓိပ္ပါယ်ဖွင့်ဆိုမှုရှိပါသလား"၊ "မွတ်ဆလင်တစ်ဦးဟုတ်သည် ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မွတ်ဆလင်တစ်ဦးအဖြစ် ကြာရှည်စွာခံယူခဲ့သူမဟုတ်ခဲ့သူဖြစ်စေ၊ တရားလွှတ်တော်၏ စီရင်ပိုင်ခွင့်အတွင်းကျရောက်ပါသလား"

## ၆.၃။ ဆုံးဖြတ်ချက်

ဤကိစ္စရပ်သည် မွေးရာပါမွတ်ဆလင်တစ်ဦးဖြစ်ခြင်းနှင့် မွေးရာပါမွတ်ဆလင်တစ်ဦး မဟုတ်ခြင်းဟူသော ကွဲပြားခြားနားမှုပြဿနာအား ဆုံးဖြတ်ပေးရန်ဖြစ်ပါသည်။

မွေးရာပါမွတ်ဆလင်တစ်ဦးဖြစ်ခဲ့ပါက Syariah တရားရုံးတွင် စီရင်ပိုင်ခွင့်ရှိပြီး မွတ်ဆလင် တစ်ဦးမဟုတ်ပါက Syariah တရားရုံးတွင်ပင် မွတ်ဆလင်ဘာသာဝင်အဖြစ်မှ စွန့်လွှတ်ရန် လိုအပ် ပါသည်။ မွေးရာပါ မွတ်ဆလင်တစ်ဦး မဟုတ်ခဲ့ပါက Syariah တရားရုံးတွင် စီရင်ပိုင်ခွင့်မရှိဘဲ စွန့်လွှတ်ရန်လည်း မလိုအပ်ပါ။ ဤအမှုတွင် လျှောက်ထားသူသည် ပြည်နယ်စာရင်း အပိုဒ် ၁ အရ အစ္စလာမ်ဘာသာဝင် မဟုတ်ကြောင်းနှင့် မွေးရာပါ အစ္စလာမ်ဘာသာဝင်တစ်ဦးဖြစ်ကြောင်း သက်သေခံချက်လည်း မရှိကြောင်း ဖက်ဒရယ်တရားရုံးကဆုံးဖြတ်ခဲ့ပါသည်။

## ၆.၄။ စိန်ခေါ်မှု

မလေးရှားနိုင်ငံတွင် မကြာသေးမီနှစ်များအတွင်း တရားလွှတ်တော်နှင့် Syariah တရားရုံး များအကြား စီရင်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ ဖက်ဒရယ်အခြေခံဥပဒေ အပိုဒ် ၁၂၁ နှင့် ပြည်နယ်ဥပဒေပြုလွှတ်တော်တို့က ပြဋ္ဌာန်းသည့်ဥပဒေများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် အငြင်းပွားမှုများပေါ်ပေါက်လျက်ရှိပါသည်။ Syariah တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားလွှတ်တော်တွင်စီရင်ပိုင်ခွင့်မရှိဟု အခြေခံဥပဒေ

---

**1A.** The courts referred to in Clause (1) shall have no jurisdiction in respect of any matter within the jurisdiction of the Syariah courts.

အပိုဒ် ၁၂၁ (၁)(က) အား ထပ်မံဖြည့်စွက်ပြဋ္ဌာန်းခဲ့သည့်အတွက် ယင်းပြဋ္ဌာန်းချက်သည် တရားလွှတ်တော်၏စီရင်ပိုင်ခွင့်အား ကန့်သတ်ခြင်းခံခဲ့ရသည်ဟု သုံးသပ်ထားပါသည်။

Rosliza သည် တရားမဝင်ကလေးဖြစ်ပြီး တရားမဝင်ကလေး၏ ဘာသာရေးဆိုင်ရာ အဆင့်အတန်းကို မသတ်မှတ်ထားပါ။ ထို့ကြောင့် တရားလွှတ်တော်က အမှုကို ကြားနာစစ်ဆေးရာတွင် အစ္စလာမ်ဥပဒေဆိုင်ရာ ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက ဘာသာရေးဆိုင်ရာကျွမ်းကျင်သူများအားခေါ်ယူ၍ သက်သေခံချက်များအား တောင်းခံနိုင်ပါသည်။ အမှုတွင် လျှောက်ထားသူသည် မွေးရာပါမွတ်ဆလင်တစ်ဦး ဖြစ်ခဲ့သလားဆိုသည်ကို ဘာသာရေးဆိုင်ရာကော်မတီ၏ သဘောထားကို ကနဦးရရှိသင့်သည်ဟု သုံးသပ်ထားပါသည်။

## ၇။ တတိယအမှု

### ၇.၁။ အမှုဖြစ်အကြောင်းချင်းရာ

တတိယအမှုမှာ ကလေးမွေးစာရင်းလျှောက်ထားသည့်အမှု[9]ဖြစ်ပါသည်။ ထိုအမှုတွင် လျှောက်ထားခံရသူသည် ဖခင်ဖြစ်သူ MEMK နှင့် မိခင်ဖြစ်သူ NAW တို့၏ သားဖြစ်သည်။ ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူနှစ်ဦးစလုံးမှာ မွတ်ဆလင်လူမျိုးများဖြစ်ကြပါသည်။ ကလေးဖြစ်သူကို ၂၀၁၀ ပြည့်နှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် မွေးဖွားခဲ့ပြီး ထိုနေ့သည် MEMK နှင့် NAW တို့လက်ထပ်ပြီးသည်မှာ ၅ လနှင့် ၂၄ ရက် ပြည့်သည့်နေ့လည်းဖြစ်ပါသည်။ MEMK နှင့် NAW တို့သည် ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်နေ့တွင် လက်ထပ်ခဲ့ပါသည်။ မွတ်ဆလင်ဥပဒေအရ ၎င်းတို့မိဘနှစ်ပါး လက်ထပ်သည့်နေ့မှ ၆ လအတွင်းမွေးဖွားသော ကလေးသည် တရားမဝင်ကလေး ဖြစ်ပါသည်။ ထို့ကြောင့် ထိုကလေးသည် မွတ်ဆလင်ဥပဒေအရ တရားမဝင်ကလေးဖြစ်သည်မှာ အငြင်းပွားဖွယ်မဟုတ်ပါ။ ကလေးမွေးစာရင်းအား ကလေးမွေးဖွားပြီး ၂ နှစ်အကြာတွင် မှတ်ပုံတင်ခဲ့ပါသည်။ ဤသို့မှတ်ပုံတင်ခြင်းမှာလည်း နောက်ကျမှ ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ ကလေးမွေးစာရင်းမှတ်ပုံတင်လျှောက်ထားချိန်တွင် ကလေး၏ဖခင်အဖြစ် မွေးစာရင်းတွင် ထည့်သွင်းပေးရန် MEMK ၏ အမည်ကို လျှောက်ထားခဲ့ပါသည်။

အမျိုးသားမှတ်ပုံတင်ရေး ညွှန်ကြားရေးမှူးချုပ်က ကလေးမွေးစာရင်းကို ၂၀၁၂ ခုနှစ်၊ မတ်လ ၆ ရက်နေ့တွင် ထုတ်ပေးခဲ့ပါသည်။ ထိုမွေးစာရင်းတွင် ညွှန်ကြားရေးမှူးချုပ်က ဖခင်ဖြစ်သူ၏စာတိုင်တွင် MEMK ၏ အမည်ကို ထည့်သွင်းခဲ့သော်လည်း ကလေး၏အမည်အပြည့်အစုံမှာ bin MEMK အစား bin Abdullah ဟူ၍ သတ်မှတ်ပေးခဲ့သည်။ ကလေး၏မွေးစာရင်းတွင်လည်း တရားမဝင်ကလေး

[9] National Registration Department v a Child (2020)

ဖြစ်ကြောင်း ကလေးမွေးဖွားခြင်းလက်မှတ်အတွက် လျှောက်ထားခြင်းဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားပါသည်။

၃ နှစ်ခန့်ကြာသည့်အခါ MEMK က ၁၉၅၇ ခုနှစ် Births and Deaths Registration Act ပုဒ်မ ၂၇ (၃) အရ ကလေး၏အမည်အား bin Abdullah မှ သူ၏အမည်ဖြစ်သည့် MEMK သို့ အမှန်ပြင်ဆင်ပေးရန် လျှောက်ထားခဲ့သည်။ ထို့သို့လျှောက်ထားချက်အပေါ် တရားမဝင်မွတ်ဆလင် ကလေးတစ်ဦးအား ၎င်း၏ဇီဝဗေဒဖခင်၏အမည်ကို မဖော်ပြနိုင်ကြောင်း ရည်ညွှန်းကိုးကား၍ ပယ်ချခဲ့သည်။

တရားလွှတ်တော်သည် ညွှန်ကြားရေးမှူးချုပ်က လုပ်ပိုင်ခွင့်ရှိသည်ဟု ဆုံးဖြတ်ခဲ့သော်လည်း အယူခံတရားရုံးက လုပ်ပိုင်ခွင့်မရှိဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် ဖက်ဒရယ်တရားလွှတ်တော်ချုပ်သို့ အယူခံတင်သွင်းခဲ့သည်။

## ၇.၂။ ဆုံးဖြတ်ရမည့်အချက်

bin Abdullah အဖြစ် ထည့်သွင်းခြင်းနှင့် ကလေးမွေးစာရင်းတွင် တရားမဝင်ကလေးဖြစ်ကြောင်း ဖော်ပြထားချက်သည် ဖက်ဒရယ်အခြေခံဥပဒေ အပိုဒ် ၅[10]၊ ၈[11]၊ ၁၀[12] နှင့် အပိုဒ်၁၂[13] တို့အရ ကလေး၏အခြေခံအခွင့်အရေးကို ချိုးဖောက်ပါသလား။

## ၇.၃။ ဆုံးဖြတ်ချက်

ဖက်ဒရယ်တရားရုံးက မျိုးရိုးအမည်ဆိုသည်မှာ မိဘမျိုးရိုးအမွေဆက်ခံရန်နှင့် မျိုးရိုးအမွေဆက်ခံသည့်အမည်ဖြစ်ပြီး ကိုယ်ပိုင်အမည်နှင့်ကွဲပြားပါသည်။ လက်ရှိအမှုတွင် MEMK သည် မိသားစုအမည် သို့မဟုတ် မျိုးရိုးအမွေဆက်ခံသည့်အမည် မဟုတ်ပေ။ MEMK သည် ကိုယ်ပိုင်အမည် (Personal Name) မျှသာ ဖြစ်သည်။ ကလေးအမည်လျှောက်ထားရာတွင် MEMK ကို ကလေး၏ဖခင်အဖြစ် မှတ်ပုံတင်စာရင်းရေးသွင်းရန် လျှောက်ထားခဲ့ခြင်းမှာ ထင်ရှားသည်။

ဖက်ဒရယ်တရားရုံးက အယူခံတရားရုံးသည် Personal Name နှင့် မျိုးရိုးအမည်၏ ကွဲပြားမှုရှိခြင်းကို အသိအမှတ်ပြုရန် ပျက်ကွက်ခဲ့သည်။ ဖခင်၏ Personal Name သည် တစ်ချိန်တည်းမှာပင် မျိုးရိုးအမည်ဖြစ်နိုင်သည်ဆိုသည်မှာလည်း နားလည်ရန်ခက်ခဲပါသည်။

ရုံးတော်သဟာရ (Amicus curiae) က ဖခင်၏ Personal Name သည် ကလေး၏ Surname ဖြစ်မည်ဆိုလျှင် Births and Deaths Registration Act ပုဒ်မ ၁၃ က (၂) အရ ကလေး၏ အမည်

---

[10] Liberty of the Person.
[11] Equality.
[12] Freedom of speech, assembly and association
[13] Rights to property

၏နောက်တွင် ဖခင်၏ Personal Name ကိုထည့်သွင်းရန် ခွင့်မပြုပေ။ ထို့ကြောင့် ပုဒ်မ ၁၃ က (၂) အရ ဖခင်၏မျိုးရိုးမှာ MEMK ဟု ရည်ညွှန်းလျှောက်လဲခဲ့သည်။

ဖက်ဒရယ်တရားရုံးက ညွှန်ကြားရေးမှူးချုပ်အနေဖြင့် လျှောက်ထားသူများတောင်းဆိုသည့် bin MEMK အဖြစ် ခွင့်မပြုခဲ့ခြင်းမှာ ဥပဒေအရမှန်ကန်ကြောင်း၊ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်အပေါ် တရားစီရင်ရေးအရ ဝင်ရောက်စွက်ဖက်နိုင်ခြင်းရှိမည်မဟုတ်ကြောင်း၊ ဖက်ဒရယ်အခြေခံဥပဒေ၏ ရည်ရွယ်ချက်က ဤနိုင်ငံမှာနေသည့် မွတ်ဆလင်များအား အစ္စလမ်မိသားစုဥပဒေဖြင့် အုပ်ချုပ်သည်ဟု အခြေခံဥပဒေအရ ရှင်းရှင်းလင်းလင်းဖော်ပြထားကြောင်း၊ လက်ရှိအမှုမှာလည်း MEMK နှင့် NAW တို့မှာ မွတ်ဆလင်များဖြစ်ကြပြီး မွတ်ဆလင်ဥပဒေအရ လက်ထပ်ထားသူများဖြစ်ကြသည်။ ကလေးအား Johor ပြည်နယ်တွင် မွေးဖွားခဲ့သည်။ ထို့ကြောင့် Johor ပြည်နယ်ရှိ အစ္စလမ်ဥပဒေကို လိုက်နာရမည်ဖြစ်သည်။

ထို့ပြင် ညွှန်ကြားရေးမှူးချုပ်အနေဖြင့် ကလေးအမည်ကို bin Abdullah ဟု သတ်မှတ်ချိန်တွင် ကျိုးကြောင်းဆီလျော်မှုမရှိဟု စဉ်းစားခဲ့ပါသလား၊ တရားမဝင်ကလေးအား မည်သို့အမည်သတ်မှတ်ရမည်ဟု Fatwa (ဘာသာရေးခေါင်းဆောင်က သတ်မှတ်ထားသည့် အမိန့်ညွှန်ကြားချက်) လည်း Johor ပြည်နယ်တွင် ထုတ်ပြန်ထားခြင်း မရှိသောကြောင့် Director General သည် တရားပြိုင်အပေါ်တွင် မလိုအပ်သော သတ်မှတ်ချက်ကို မပြုလုပ်နိုင်ပေ။ Johor ရှိ Fatwa Committee သည်လည်း သတ်မှတ်ထားခြင်းမရှိပါ။ ယခုကိစ္စကို ညွှန်ကြားရေးမှူးချုပ်က သတ်မှတ်ရန်မဟုတ်ဘဲ ဘာသာရေးခေါင်းဆောင်သည်သာ တရားပြိုင်၏လျှောက်ထားချက်နှင့် သက်ဆိုင်ပါသည်။

တရားရုံးက မွေးစာရင်းတွင်ဖော်ပြထားသော သင်္ကေတမှာ ကလေးမွေးစာရင်းမှတ်ပုံတင်ခြင်းဆိုင်ရာ မှန်ကန်သောအထောက်အထားအချက်အလက်တစ်ခုဖြစ်ပြီး ထိုအမှတ်သင်္ကေတဖော်ပြချက်သည် ပတ်ဝန်းကျင်ဆိုင်ရာအချက်အလက်သာဖြစ်ပြီး ခွဲခြားဆက်ဆံမှုပြုရန် မဆုံးဖြတ်နိုင်ပေ။ ထို့ကြောင့် တရားရုံးက ညွှန်ကြားရေးမှူးချုပ်အား ကလေးမွေးစာရင်းမှ bin Abdullah အား ဖယ်ရှားရန် နှင့် bin Abdullah မဟုတ်သည့်ကလေး၏အမည်အား သတ်မှတ်ရမည်ဟုဆုံးဖြတ်ခဲ့သည်။

### ၇.၄။ စိန်ခေါ်မှု

ယခုအမှုတွင် Director General အား ဥပဒေအရ ပေးအပ်ထားသောတာဝန်သည် Penisular မလေးပြည်နယ်များအတွင်းရှိ မွေးဖွားစာရင်းနှင့် သေဆုံးစာရင်းတို့အား မှတ်ပုံတင်ပေးရုံမျှသာဖြစ်ပြီး အခြားလုပ်ပိုင်ခွင့်မရှိဟူသော စိန်ခေါ်မှုပေါ်ပေါက်ခဲ့သည်။ Johor ပြည်နယ်ရှိ Fatwa ကော်မတီမှလည်း တရားမဝင်ကလေးအတွက် မျိုးရိုးအမည်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များ

မရှိသဖြင့် စိန်ခေါ်မှုသည် Fatwa ကော်မတီပေါ်တွင် ကျရောက်မည်ဖြစ်ပြီး ညွှန်ကြားရေးမှူးချုပ်တွင် လုပ်ပိုင်ခွင့်မရှိဘဲ National Fatwa Committee နှင့် သက်ဆိုင်သည်ဟု ဆုံးဖြတ်ခဲ့သည်။

## ၈။ စတုတ္ထအမှု

### ၈.၁။ အမှုဖြစ်အကြောင်းချင်းရာ

စတုတ္ထအမှုမှာ Maria Chin Abdullah နှင့် လူဝင်မှုကြီးကြပ်ရေးဌာန၏ ညွှန်ကြားရေးမှူးချုပ်တို့ဖြစ်ပွားသည့်အမှုဖြစ်သည်။[14] လျှောက်ထားသူ Maria Chin သည် NGO ၏ ဥက္ကဋ္ဌဖြစ်ခဲ့ပြီး မလေးရှားနိုင်ငံ၏ Passport ကို ကိုင်ဆောင်ထားသူတစ်ဦးဖြစ်သည်။ ၂၀၁၆ ခုနှစ်၊ မေလ ၁၅ ရက်နေ့တွင် သူမသည် တောင်ကိုရီးယားနိုင်ငံသို့ လေကြောင်းခရီးဖြင့်သွားရာတွင် သူမ၏ boarding Pass ကိုသိမ်းဆည်းပြီးနောက်၊ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များ၏ တားဆီးခြင်းခံခဲ့ရသည်။ထို့နောက် သူမအား ခရီးသွားလာမှုတားမြစ်ထားကြောင်း နှင့် နိုင်ငံမှထွက်ခွာခွင့်မရှိကြောင်းပြောကြားခဲ့သည်။ ထိုသို့ ခရီးသွားလာခွင့်တားမြစ်ခြင်းနှင့်စပ်လျဉ်း၍ အကြောင်းပြချက်တစ်စုံတစ်ရာ ပေးခဲ့ခြင်းမရှိပါ။

Maria Chin သည် ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၆ ရက်နေ့မှစ၍ ၃ နှစ်အထိ နိုင်ငံမှထွက်ခွာခြင်းအား တားမြစ်ထားပြီး အမည်မဲစာရင်း (blacklist) တင်သွင်းထားခြင်းခံခဲ့ရသည်။ ထိုသို့ အမည်မဲစာရင်းတွင် တင်သွင်းခံရခြင်းသည် လူဝင်မှုကြီးကြပ်ရေးဌာနက ဖြန့်ဝေသည့် ဖြန့်ဝေစာပေါ်တွင် အခြေခံ၍တားမြစ်ခြင်းဖြစ်သည်။ Maria Chin သည် ထိုသို့အမည်မဲစာရင်းတွင် ထည့်သွင်းခံရခြင်းမှာ အမျိုးမျိုးသော Forums များနှင့် တရားမဝင်ကျင်းပသည့် အစည်းအဝေးများတွင် အစိုးရအားဝေဖန်ပြောဆိုခဲ့သည့်အပေါ်အခြေခံသည်။ ၂၀၁၆ ခုနှစ်၊ မေလ ၁၇ ရက်နေ့တွင် လျှောက်ထားသူ အပေါ် ခရီးသွားလာမှုတားမြစ်ချက်ကို လူဝင်မှုကြီးကြပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ်က ရုပ်သိမ်းခဲ့သည်။ ထိုနေ့မှာ လျှောက်ထားသူအပေါ် ခရီးသွားလာမှုတားမြစ်ပြီးနောက် ၂ ရက်မြောက်နေ့ဖြစ်သည်။

ခရီးသွားလာမှုတားမြစ်လိုက်သည့်အတွက် ဖက်ဒရယ်အခြေခံဥပဒေအပိုဒ် ၁၀ (၁) အရ အာမခံချက်ပြုထားသည့် လွတ်လပ်စွာပြောဆိုခြင်းအား ထိခိုက်မှုဖြစ်စေခဲ့ပြီး NGO အဖွဲ့ဝင်တစ်ဦးအနေဖြင့် အသိအမှတ်ပြုခဲ့သည့် တောင်ကိုရီးယားနိုင်ငံ၌ကျင်းပမည့် လူ့အခွင့်အရေးဆုကို လက်ခံမည့် အခမ်းအနားတွင် သူမ၏ လွတ်လပ်စွာပြောဆိုခွင့်ကို ထိပါးခြင်းဖြစ်သည်ဟုဆိုသည်။

တရားလွှတ်တော်က နိုင်ငံခြားသို့သွားလာခြင်းသည် နိုင်ငံသားတစ်ဦး၏အခွင့်အရေးအဖြစ် အခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိ၍လည်းကောင်း၊ အစိုးရသည် နိုင်ငံသားတစ်ဦးအား နိုင်ငံခြားသို့

[14] Maria Chin Abdullah v Director General of Immigration Department and Anor (2021)

ထွက်ခွာခြင်းကို တားဆီးနိုင်သည့် အခွင့်အာဏာရှိသည်ဟုလည်းကောင်း ဆုံးဖြတ်ခဲ့ပြီး Maria Chin's ၏ လျှောက်ထားမှုကို ပလပ်ခဲ့သည်။

Maria Chin က အယူခံတရားရုံးသို့ လျှောက်ထားခဲ့သော်လည်း ပလပ်ခံခဲ့ရသည်။

## ၈.၂။ အဆုံးအဖြတ်ပေးရမည့်အချက်

Maria Chin's က တရားလွှတ်တော်၏ ဆုံးဖြတ်ချက်သည် အခြေအမြစ်ရှိ၊ မရှိ ကျိုးကြောင်းဆီလျော်မှု ရှိ၊ မရှိ မျှတမှုရှိ၊ မရှိ၊ လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်သည် ဥပဒေအား မှားယွင်းစွာ သုံးစွဲခြင်းဖြင့် အာဏာကိုကျော်လွန်သုံးစွဲသည့်အပြင် စီရင်ပိုင်ခွင့်အာဏာကိုကျော်လွန်ခြင်းဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေနှင့် အခြားပြဋ္ဌာန်းဥပဒေများတွင် အလားတူကိစ္စများ၌ နိုင်ငံသားတစ်ဦးအား နိုင်ငံခြားသို့ သွားလာခြင်းကို ပိတ်ပင်ထားခြင်းမရှိသည့်အပြင် အပိုဒ် ၅ (၁)အရ အသက်ရှင်သန်ခွင့်ဆိုသည့် အခွင့်အရေးမှ မြစ်ဖျားခံလာသည့် နိုင်ငံခြားသို့သွားလာခွင့်ဆိုသည့် သူမ၏ အခြေခံနိုင်ငံသားအခွင့်အရေးကို ချိုးဖောက်ခံရခြင်းဖြစ်သည်ဟု လျှောက်ထားခြင်းခဲ့ဖြစ်သည်။

## ၈.၃။ ဆုံးဖြတ်ချက်

ဖက်ဒရယ်တရားရုံးသည် Maria Chin ၏ ဥပဒေရေးရာ ပြဿနာရပ်များဖြစ်သည့် Immigration Act ပုဒ်မ ၃ (၂) သည် ခရီးသွားလာခွင့် တားမြစ်ခြင်းကို အပ်နှင်းထားသလား၊ အစိုးရအား ဝေဖန်ခြင်းကဲ့သို့သော နိုင်ငံသားများ၏ ဒီမိုကရေစီအခွင့်အရေးများကို ထိခိုက်စေသည့် တားမြစ်မိန့်ကို ညွှန်ကြားရေးမှူးချုပ်က ချမှတ်နိုင်သလား ဆိုသည့်အပေါ် အယူခံမှုကိုခွင့်ပြုခဲ့သည်။ ပုဒ်မ ၃(၂)သည် လူဝင်မှုကြီးကြပ်ရေးနှင့်သက်ဆိုင်သော ကိစ္စရပ်အားလုံးအား ညွှန်ကြားရေးမှူးချုပ်သို့ အပ်နှင်းထားသည်။ ပြဋ္ဌာန်းချက်မှာ အခြေခံဥပဒေအရ တရားဝင်သည်ဟု မှတ်ယူရမည်ဖြစ် သည်။

ပုဒ်မ ၃(၂)တွင် ညွှန်ကြားရေးမှူးချုပ်သည် Immigration နှင့်စပ်လျဉ်းသည့် ကိစ္စရပ်များအားလုံးအပေါ် ကျယ်ပြန့်သောလုပ်ပိုင်ခွင့်အာဏာများရှိကြောင်း ရှင်းလင်းတိကျစွာ ဖော်ပြထားပါသည်။ ထိုပြဋ္ဌာန်းချက်သည် အခြေခံဥပဒေနှင့်ညီညွတ်မှုရှိသည်ဟု မှတ်ယူရမည်ဖြစ်ပါသည်။ အမှန်တကယ်မှာ လျှောက်ထားခံရသူ ညွှန်ကြားရေးမှူးချုပ်က တရားလိုအပေါ် ခရီးသွားလာခွင့်တားဆီးမိန့်ချမှတ်ရာတွင် မှားယွင်းပြီး ကျိုးကြောင်းဆီလျော်မှုမရှိသော အကြောင်းပြချက်ကို ချမှတ်ခဲ့သည်။ ညွှန်ကြားရေးမှူးချုပ်က ခရီးသွားလာခွင့်ကိုတားမြစ်ရန် ဥပဒေအရ အာဏာသက်ရောက်မှုမရှိသည့် လှည့်လည်ကြေညာစာအပေါ်မူတည်၍ မှားယွင်းလျှင်တောင် ထိုမှားယွင်းသော ဆုံးဖြတ်ချက်ကို မပြောင်းလဲနိုင်ခဲ့ပေ။ တနည်းအားဖြင့် လူဝင်မှုကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၅၉ တွင် ကြားနာစစ်

ဆေးခွင့်မရှိဟူ၍လည်းကောင်း၊ ပုဒ်မ ၅၉ (က)[15] အရ တရားစီရင်ရေးဆိုင်ရာ ပြန်လည်သုံးသပ်ခွင့် တောင်းဆိုခွင့်မရှိဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် ဆုံးဖြတ်ချက်ကို ဥပဒေအရ တရားဝင်ခွင့်ပြုထားပါသည်။

လှည့်လည်စာတွင် Immigration Act သို့မဟုတ် Passport Act အရ ဖြစ်သည်ဆိုသည့် အပ်နှင်းထားသော အာဏာအရင်းခံအား ဖော်ပြထားခြင်းမရှိပေ။ တရားလိုအား သူမ၏ Passport မှာ blacklist ပြုလုပ်ထားခြင်းခံရသည်ဆိုသော ၎င်း၏ခရီးသွားလာမှု အထောက်အထားအား အကြောင်းပြ၍ Immigration Act တွင် ထည့်သွင်းဖော်ပြမထားသော ခရီးသွားလာမှုကို တားမြစ်ခဲ့သည်ဟုဆိုသည်။

ခရီးသွားလာခွင့် သို့မဟုတ် နိုင်ငံမှထွက်ခွာခွင့်သည် ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉ အတွင်း ကျရောက်ပြီး အပိုဒ် ၅ တွင် ထိုအခွင့်အရေးသည် အကြွင်းမဲ့အခွင့်အရေး (absolute right) မဟုတ်ကြောင်း ဖော်ပြထားသည်။ အခွင့်အရေးတစ်ရပ်ကို ကျိုးကြောင်းဆီလျော်သော နည်းလမ်း၊ ကျိုးကြောင်းဆီလျော်သော အချက်များအပေါ်အခြေခံ၍ တားဆီးနိုင်ပါသည်။ ယခုအယူခံလွှာတွင် လျှောက်ထားသူ၏ ခရီးသွားလာခွင့်ကို တားမြစ်ရာတွင် ကျိုးကြောင်းဆီလျော်သော အချက်များမတွေ့ရှိရပါ။

လျှောက်ထားခံရသူ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အစိုးရအား ဝေဖန်ပြောဆိုသော ပြစ်မှုကို ထိန်းသိမ်းကြပ်မတ်စေရန် မည်သို့မျှလုပ်ပိုင်ခွင့်မရှိပါ။ ထို့ကြောင့် လျှောက်ထားခံရသူ ညွှန်ကြားရေးမှူးချုပ်သည် Maria Chin အား နိုင်ငံမှထွက်ခွာခွင့်ကို မတားဆီးနိုင်ဟုဆိုသည်။

နိုင်ငံမှထွက်ခွာခွင့်တားမြစ်သည့်ဆုံးဖြတ်ချက်အား တရားရုံးက စိစစ်ရန်ဖြစ်ပြီး လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေပုဒ်မ ၅၉ (က)အား အောက်ဖော်ပြပါအတိုင်း သွယ်ဝိုက်၍ အသိအမှတ်ပြုခဲ့သည်။

“Immigration Act” အရ လျှောက်ထားခံရသူ ညွှန်ကြားရေးမှူးချုပ်က ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို နစ်နာသူနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးဦးမှ စောဒကတက်ရန်ဆန္ဒရှိခဲ့ပါက ကုစားခွင့် သို့မဟုတ် အရေးယူဆောင်ရွက်ခွင့်ကို ဆောင်ရွက်နိုင်သည်ဟုဖြစ်သည်။

[15] There shall be no judicial review in any court of any act done or any decision made by the Minister or the Director General, or in the case of an East Malaysian State, the State Authority, under this Act except in regard to any question relating to compliance with any procedural requirement of this Act or the regulations governing that act or decision.

ဤသည်မှာ တရားမျှတမှုရရှိရမည်ဆိုသော နိုင်ငံသားတစ်ဦး၏ အခွင့်အရေးပင်ဖြစ်ပြီး ဥပဒေ၏တန်းတူကာကွယ်ပေးမှုကိုလည်း ရရှိပိုင်ခွင့်ရှိပါသည်။ Immigration Act ပုဒ်မ ၅၉ (က) သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်မှုမဖြစ်ခဲ့ပါ။

**၈.၄။ စိန်ခေါ်မှု**

လှည့်လည်စာကို ထုတ်ပြန်ရာတွင် ဥပဒေအရ ထုတ်ပြန်ခြင်းဖြစ်သည်ဟု ဖော်ပြထားခြင်း မရှိသည့်အတွက် ထိုလှည့်လည်စာသည် တရားမဝင်ပါ။ ညွှန်ကြားရေးမှူးချုပ်သည် ခရီးသွားလာ ခွင့်အားတားမြစ်ခွင့်ကို ဆောင်ရွက်ပိုင်ခွင့်မရှိပါ။ ထိုလှည့်လည်စာသည် ဥပဒေစည်းနှောင်အား မရှိသည့် ဌာနတွင်းညွှန်ကြားချက်မျှသာဖြစ်ပါသည်။

**၉။ ပဥ္စမအမှု**

**၉.၁။ အမှုဖြစ်အကြောင်းချင်းရာ**

အမှု[16]တွင် လျှောက်ထားသူသည် မြေဧရိယာအစိတ်အပိုင်းတစ်ခုနှင့်စပ်လျဉ်းသည့် မှတ်ပုံတင်ထားသော စီးပွားရေးလုပ်ငန်းတစ်ခု၏ ပိုင်ရှင်ဖြစ်ပြီး မြေ၏တစ်စိတ်တစ်ဒေသကို စက်ရုံ ၁၂၈ ရုံ တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စတင်ခဲ့သည်။ အခြားမြေလွတ် ၃ ခုအား စက်မှုဇုန်အဖြစ် ခွဲစိတ်ရောင်းချရန်ဖြစ်သည်။ သို့သော်လျှောက်ထားသူ၏ မြေအချို့အား အမြန်လမ်းတည်ဆောက်ရန် ရည်ရွယ်ထားသည့်အတွက် ၁၉၆၀ ခုနှစ်၊ Land Acquistition Act အရ သိမ်းဆည်းခြင်းခံခဲ့ရသည်။

မြေယာစီမံခန့်ခွဲသူက ထိုသို့သိမ်းဆည်းထားခြင်းကြောင့် ပေါ်ပေါက်လာသော နစ်နာမှုများအတွက် လျော်ကြေးပမာဏကို သတ်မှတ်ရန် မြေသိမ်းအက်ဥပဒေပုဒ်မ ၁၂ အရ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့သည်။ လျှောက်ထားသူအား သိမ်းဆည်းမြေများနှင့် Project ရပ်ဆိုင်းလိုက်သောကြောင့် ဆုံးရှုံးသွားမှုများအတွက် လျော်ကြေး RM 20, 862,281.75 အား ပေးခဲ့သည်။

ယင်းအပေါ် လျှောက်ထားသူက မြေယာစီမံခန့်ခွဲသူမှ သတ်မှတ်ပေးခဲ့သည့် လျော်ကြေးပမာဏအား ကန့်ကွက်ခဲ့ပြီး မြေသိမ်းအက်ဥပဒေပုဒ်မ ၃၈ အရ ယင်းကိစ္စကို ဆုံးဖြတ်ပေးရန် တရားရုံးသို့ လွှဲအပ်ရန် တောင်းဆိုခဲ့သည်။ တရားလွှတ်တော်တရားသူကြီးက တန်ဖိုးဖြတ်သူ ၂ ဦးနှင့်အတူ ရုံးထိုင်၍ လျှောက်ထားသူအတွက် လုံလောက်သောလျော်ကြေးသတ်မှတ်ရန် ကြားနာခဲ့ပြီး နိုင်ငံတော်ကသိမ်းယူခဲ့သည့် မြေတန်ဖိုးနှင့်ပတ်သက်၍ မြေယာစီမံခန့်ခွဲသူ၏ သတ်မှတ်ချက်အတိုင်း သဘောတူခဲ့သည်။ သို့သော် တရားရုံးသည် မြေသိမ်းလိုက်သည့်အတွက် လျှောက်ထား

[16] Semenyih Jaya Sdn Bhd Bhd v Land Administrator of District Hulu Langat and Anor.

သူ၏ အခြားမြေတန်ဖိုးများ လျော့နည်းသွားခဲ့သည့်အတွက်ကြောင့် RM 1160020 အား လျော်ကြေး အဖြစ်ထပ်မံပေးခဲ့သည်။ အခြားတောင်းဆိုချက်များဖြစ်သည့် business Projects နှင့် develop - ment Costs တို့အား ပေးရန်တောင်းဆိုမှုကို ပလပ်ခဲ့သည်။

ထို့ကြောင့် လျှောက်ထားသူသည် ၎င်း၏တောင်းဆိုမှုအား ပျက်ကွက်ခဲ့သည့်အပေါ်ဆုံးဖြတ်ပေးရန် အယူခံတရားရုံးသို့ လျှောက်ထားခဲ့သည်။ အယူခံတရားရုံးကလည်း လျှောက်ထားသူ၏ အယူခံမှုကို ပလပ်ခဲ့သည်။ ထို့ကြောင့် ဖက်ဒရယ်တရားရုံးသို့ လျှောက်ထားခဲ့ခြင်းဖြစ်သည်။

## ၉.၂။ ဆုံးဖြတ်ရမည့်အချက်

ပုဒ်မ ၄၀ (ဃ) တွင် သိမ်းဆည်းခြင်းကြောင့် ပေါ်ပေါက်လာသည့် လျော်ကြေးပမာဏကို သတ်မှတ်ပေးရန် အကဲဖြတ်သူတို့အား လုပ်ပိုင်ခွင့်ပေးအပ်ထားပြီး ၎င်းတို့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်ပြီး အယူခံဝင်ခွင့်မရှိ (final and non-appealable) ဟူ၍ ပြဋ္ဌာန်းထားသည့် အတွက် အခြေခံဥပဒေနှင့်ညီညွတ်မှုရှိ၊ မရှိ။

## ၉.၃။ ဆုံးဖြတ်ချက်

ယခုအမှုသည် Landmake decision ဖြစ်ခဲ့ပြီး ပုဒ်မ ၄၀ (ဃ)အား အခြေခံဥပဒေနှင့် မညီဟု ဆုံးဖြတ်ခဲ့သည်။ အခြေခံဥပဒေပုဒ်မ ၁၂၁(၁) အရ တရားစီရင်ရေးအာဏာသည် တရားသူကြီး အဖွဲ့တွင်သာရှိပြီး အခြားမည်သူ့ထံတွင်မျှမရှိပါ။

မြေသိမ်းဆည်းခြင်းမှ ပေါ်ပေါက်လာသော လျော်ကြေးပမာဏသတ်မှတ်ပေးရမည့် ဆောင်ရွက်ချက်တွင် တရားစီရင်ရေးဆိုင်ရာ အကဲဖြတ်မှုပါဝင်သည်။ ထို့ကြောင့် တရားသူကြီးတစ်ဦး က သာဆောင်ရွက်သင့်ကြောင်း အခြားမည်သူမျှဆောင်ရွက်ခွင့်မရှိပါကြောင်း အရည်အချင်းနှင့် မကိုက်ညီသောသူမှ တရားစီရင်ရေးအာဏာဆောင်ရွက်ခြင်းသည် အခြေခံဥပဒေအပိုဒ် ၁၂၁ အား အာဏာဘောင်ကျော် (ultar Vires) ၍ ကျင့်သုံးခြင်းဖြစ်ပါသည်။

ပုဒ်မ ၄၀(ဃ) တွင် “လျော်ကြေးပမာဏကို အကဲဖြတ်သူ (၂) ဦးမှ ဆုံးဖြတ်ရမည်ဖြစ်ပြီး တရားသူကြီး၏တာဝန်မှာ အကဲဖြတ်သူ (၂) ဦး၏ သဘောထားကို အတည်ပြုပေးရန်ဖြစ်သည်။ အယူအဆကွဲလွဲခဲ့ပါက အကဲဖြတ်သူ (၂) ဦးတို့၏ ဆုံးဖြတ်ချက်နှင့်သဘောကိုက်ညီစွာ ရွေးချယ်ရမည်။ တရားလွှတ်တော်တရားသူကြီးသည် အကဲဖြတ်သူတို့နှင့်ကွဲလွဲသည့် တန်ဖိုးဖြတ်မှုကို မပြုလုပ်နိုင်ပါ။ ထို့ကြောင့် ပုဒ်မ ၄၀(ဃ) သည် တရားရုံး၏ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ပါသည်။

ဤအမှုတွင် အကဲဖြတ်သူများက တန်ဖိုးဖြတ်မှုအပေါ် သဘောထားပေးရုံမျှသာဖြစ်ကြောင်း၊ အဓိကအားဖြင့် ၎င်းတို့၏ ကျွမ်းကျင်မှု၊ အသိပညာ၊ အတွေ့အကြုံတို့ဖြင့် တရားသူကြီးတစ်ဦးနှင့်

အတူ ရုံးထိုင်၍ အကြံဉာဏ်ပေးရန် ဖြစ်ကြောင်းထင်ရှားပါသည်။ မြေအကဲဖြတ်သူ၏တာဝန်နှင့် အခန်းကဏ္ဍသည် အတွေ့အကြုံနှင့်သဘောထားအပေါ်တွင် အခြေခံပါသည်။ တရားသူကြီးသည် အကဲဖြတ်သူများ၏ သဘောထားကို စဉ်းစားရမည်ဖြစ်သည်။ တရားသူကြီးအနေဖြင့် အကဲဖြတ်သူများ၏ သဘောထားမှသွေဖယ်ရန် လွတ်လပ်မှုရှိပြီး သင့်လျော်သောပမာဏကို ချမှတ်ပိုင်ခွင့်ရှိပါသည်။

## ၉.၄။ စိန်ခေါ်မှု

တရားရုံးဆုံးဖြတ်ချက်ကြောင့် ပုဒ်မ ၄၀ (ဃ) အား ပြင်ဆင်ခဲ့ပြီးဖြစ်ပါသည်။ ထို့အပြင် ယခုဆုံးဖြတ်ချက်ကို အသိအမှတ်ပြု၍ မြေယာနှင့်သက်ဆိုင်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မည်သို့ဆောင်ရွက်ရမည်ကို လက်တွေ့ညွှန်ကြားချက်ထုတ်ပြန်ခဲ့သည်။

၁၉၈၈ ခုနှစ်တွင် အခြေခံဥပဒေအပိုဒ် ၁၂၁ ၏ အပိုဒ်ခွဲ (၁ က) ကို အသစ်ထပ်မံ ထည့်သွင်းပြဋ္ဌာန်းခဲ့ပါသည်။ ထိုသို့ ပြဋ္ဌာန်းပြီးနောက် တရားမတရားလွှတ်တော်နှင့် Syariah တရားရုံးများအကြား စီရင်ပိုင်ခွင့်ဆိုင်ရာ အငြင်းပွားမှုများ ဖြစ်ပွားခဲ့ပါသည်။ ဖက်ဒရယ်အခြေခံဥပဒေအပိုဒ် ၁၂၁ (၁)(က) နှင့် ပြည်နယ်လွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ပြည်နယ်ဥပဒေများအား အနက်အဓိပ္ပါယ်ဖွင့်ဆိုရာတွင် စီရင်ပိုင်ခွင့်ဆိုင်ရာအငြင်းပွားမှုများဖြစ်ပေါ်ခဲ့ပါသည်။ တရားမတရားရုံးများတွင် Syariah တရားရုံးများ၏ စီရင်ပိုင်ခွင့်ရှိသောကိစ္စရပ်များနှင့် ပတ်သက်၍ စီရင်ပိုင်ခွင့်မရှိပါ။ ပြဋ္ဌာန်းချက်အသစ်သည် တရားရုံးများ၏စီရင်ပိုင်ခွင့်ကို ဖယ်ထုတ်ခဲ့သည်။ Syariah တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်း ကျရောက်သောကိစ္စရပ်များကို တရားမရုံးက စီရင်ပိုင်ခွင့်မရှိပါ။

တရားရုံးများသည် အခြေခံဥပဒေဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကို ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် အခြေခံဥပဒေအား ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ပါသည်။ တရားရုံးများသည် ဥပဒေအား အနက်အဓိပ္ပါယ်ဖွင့်ဆိုရမည့် လုပ်ပိုင်ခွင့်သာမက တရားစီရင်ရေးဆိုင်ရာပြန်လည်သုံးသပ်ရန် လုပ်ပိုင်ခွင့်အာဏာရှိပါသည်။

## ၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားစီရင်မှု

မလေးရှားနိုင်ငံရှိတရားလွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပြဿနာရပ်များကို ကနဦးကြားနာစစ်ဆေးခွင့်ရှိသည့် မူလတရားရုံးဖြစ်ပါသည်။ ဖက်ဒရယ်တရားရုံးသည် နောက်ဆုံးအယူခံတရားရုံး သို့မဟုတ် နောက်ဆုံးအားကိုးအားထားပြုရာ တရားရုံးဖြစ်ပါသည်။ ဖက်ဒရယ်တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး မဟုတ်သော်လည်း ဥပဒေရေးရာကိစ္စရပ်အားလုံးတွင် နောက်ဆုံးအပြီးပြတ်အယူခံတရားရုံးဖြစ်ပါသည်။

## ၁၁။ နိဂုံး

ဥပဒေအရလုပ်ပိုင်ခွင့်အာဏာတိုင်းတွင် ဥပဒေအရကန့်သတ်ချက် ရှိရမည်ဖြစ်သည် သို့မဟုတ်လျှင် အာဏာပိုင်နိုင်ငံဖြစ်လိမ့်မည်။ အဓိကအားဖြင့် ဆုံးဖြတ်ပိုင်ခွင့်ကို ကျင့်သုံးရာတွင် မှန်ကန်သော ရည်ရွယ်ချက်အတွက် ကျင့်သုံးသင့်ပြီး ကျိုးကြောင်းဆီလျော်မှုမရှိဘဲ မကျင့်သုံးသင့်ပါ။ တစ်နည်းအားဖြင့် ဆုံးဖြတ်ပိုင်ခွင့်တိုင်းသည် ဥပဒေအရကန့်သတ်ချက်မှ လွတ်လပ်မှုမရှိနိုင်ပါ။ မှားယွင်းစွာ ကျင့်သုံးပါက တရားရုံး၏တာဝန်သာဖြစ်ပါသည်။ တရားရုံးများသည် ဌာနဆိုင်ရာများ၏ ကျူးကျော်မှုများအပေါ် နိုင်ငံသားများ၏လွတ်လပ်မှုကို ခုခံပေးသူများဖြစ်သည်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းစောင့်ရှောက်ရန်သည် ပါဝင်သူအားလုံး၏တာဝန်ဖြစ်ပြီး အားလုံးသောပါဝင်သူများကလည်း တရားရုံး၏ဆုံးဖြတ်ချက်ကို လေးစားထိန်းသိမ်းရန်နှင့် တရားရုံးက ချမှတ်လိုက်သော ဆုံးဖြတ်ချက်ဖြင့် လမ်းညွှန်ထားသော ရလဒ်ကိုအကောင်အထည်ဖော်ရန်လိုအပ်သည့် အဆင့်များကို ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။

မလေးရှားနိုင်ငံရှိတရားရုံးများတွင် နိုင်ငံသားများ၏ အခြေခံဥပဒေဆိုင်ရာအခွင့်အရေးများကို ကာကွယ်ပေးရန် တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းရန်နှင့် အစိုးရ၏အာဏာအလွဲသုံးမှုကို ထိန်းချုပ်ရန် အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား အပြန်အလှန်စစ်ဆေးကြပ်မတ်သည့်ပုံစံအဖြစ် ရည်ရွယ်ထားသည့် အခြေခံဥပဒေဆိုင်ရာလုပ်ငန်းဆောင်ရွက်ချက်တစ်ရပ်ကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြထားပါသည်။

## ၁၂။ သုံးသပ်တင်ပြချက်

ယခုစာတမ်းတွင် တင်ပြထားသောအမှုများကို လေ့လာကြည့်ရာတွင် အာဏာသုံးရပ်ကို ကျင့်သုံးရာ၌ ပေးအပ်ထားသည်ထက်ကျော်လွန်သုံးစွဲခြင်းမရှိစေရန် တရားစီရင်ရေးဆိုင်ရာနည်းလမ်းဖြင့် ထိန်းသိမ်းကြပ်မတ်ထားပုံကို လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် တရားဥပဒေစိုးမိုးရေးကို အလေးထားထိန်းသိမ်းကာကွယ်ပေးရာတွင်လည်း တရားစီရင်ရေးမဏ္ဍိုင်သည် အရေးပါသောကဏ္ဍ တစ်ရပ်အဖြစ် ပါဝင်ကြောင်းဖော်ပြထားသည်ကို သုံးသပ်တွေ့ရှိရပါသည်။

မလေးရှားနိုင်ငံ၏ ဖက်ဒရယ်တရားရုံးတွင် ပြည်ထောင်စုနှင့် ပြည်နယ်များအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများနှင့် ပြည်နယ်အချင်းချင်းအကြား ဖြစ်ပွားသည့် အမှုများကို စစ်ဆေးစီရင်ပိုင်ခွင့်ရှိသော်လည်း ထိုကဲ့သို့အမှုများကို လေ့လာတင်ပြထားခြင်းမရှိကြောင်းတွေ့ရှိရပါသည်။